
ဝန်ရင်း
Read on the move
လမင်းမိုမို
ပျော်ပါစေ

# (၁)

"အမေ့ ... ကျွတ်"

ကိုယ့်ဖိနပ်နောက်မြီး ကိုယ်တက်နင်းကာ ဟန်ချက်ပျက် ရှေ့ငိုက်သွားရ၍ လွှတ်ခနဲ "အမေ့" ဟု ရေရွတ်ပြီးသော် ထားသခင်သည် စိတ်ရှုပ်ရှုပ်နှင့် ကျွတ်ခနဲ စုတ်သတ်လိုက်ပါသည် ။

ဘယ်နှခါရှိပြီလဲ၊ ကိုယ့်ဖိနပ်နောက်မြီးကို ကိုယ်တက်နင်းနေတာ။ တစ်နေ့လုံး ဒါနဲ့ ပဲ ခရီးမတွင် နိုင်အောင် ဖြစ်နေသည် ။ မနန်းလေ ... မနန်း။ အဲဒီမနန်း ရုပ်တီးရုပ်ပျာ ဖိနပ်မှားစီးသွားလို့ ။ အိမ်မှာ ကျန်ရစ်သော မနန်းဖိနပ်ကိုပဲ ထားသခင်စီးလာခဲ့သည် ။

ထားသခင်က ဖိနပ်ဆိုရင် ဒီကတ္တီပါအနက်ရောင် မထူမပါးကလေး တစ်မျိုးကိုပဲ နှစ်နှစ်ခြိုက်ခြိုက် စီးနေကြတာ။ အိမ်မှာ လည်း တခြားစီးစရာဖိနပ်ဆို၍ ပွဲလေးလမ်းလေးကျမှ မစီးမဖြစ် ထုတ်စီးဖြစ်သော ဖိနပ်အမြင့်တွေသာ ကျန်သည် ။ ဒီလိုရိုးရိုးတန်းတန်း လမ်းသွားတာမျိုးဖြင့် ဒေါက်တွေကို ထားသခင်က မစီးချင်ပါပေ။

ခုတော့ ကိုယ့်ဖနောင့်နောက်မှာ လက်တစ်လုံးရှည်ထွက်ပြီး ကြီးနေသော မနန်း ဖိနပ်က တစ်လမ်းလုံးကို ဒုက္ခပေးနေတော့တာ။ သူများတွေလို လမ်းလျှောက်တာကို တကူးတကလေ့ကျင့်စရာ မလိုဘဲ ထားသခင် လမ်းလျှောက်ပုံက ရှေ့ခြေရာကို နောက်ခြေရာကနင်းသော မျဉ်းတစ်ပြေး လမ်းလျှောက်ပုံဖြစ်နေ၍ အနည်းငယ်ကြီးသောဖိနပ် စီးထားမိတဲ့

အခါ အံမဝင်ခွင်မကျ မှန်းခြေမကိုက်ဘဲ ဘယ်လိုလုပ်ပြီး၊ နောက်မြီးပြန်ပြန်နင်းနေမိတော့သည် မပြောတတ်တော့ပါ။

ခြေလှမ်းခပ်စိပ်စိပ်နှင့် တောက်ဆတ်တောက်ဆတ်လမ်းလျှောက်ပုံရှိသော ထားသခင်ရဲ့ နောက်ခြေလှမ်းကို ရှေ့ရွှေ့တိုင်း ရှေ့ခြေထောက်ရဲ့ နောက်က ဖိနပ်ဖျားနှင့် နောက်ခြေထောက်ရဲ့ ဖိနပ်ရှေ့ ထိပ်ဖျားတို့ ထိခတ်ခလုတ်တိုက်ကာ ပြန်နင်းမိသလိုဖြစ်မှန်း သတိပြုမိလျှင် ခြေလှမ်းကို သတိထား၍ ချဲကာလျှောက်ပါသည် ။

ခဏနေလျှင် သတိလက်လွတ်ကာ ခြေလှမ်းတွေပြန်စိပ်ပြီး ပြန်ခလုတ်တိုက် ထိခတ်ပြန်တော့တာမို့ ထားသခင်မှာ ကိုယ့်ဟာနဲ့ ကိုယ် တစ်ယောက်တည်း အလုပ်ရှုပ် ပြဿနာတက်ပြီး တစ်ကိုယ်တည်း ဒေါသတွေ ထွက်နေရတော့သည် ။

ဒီပုံအတိုင်းတော့ မဖြစ်။ ဖိနပ်သစ်တစ်ရန် အမြန်ထပ်ဝယ်ရင်ဝယ်၊ ဒီလိုမှ မဟုတ်လျှင် မနန်း အိမ်ကိုလိုက်ပြီး ဖိနပ်ချင်း ပြန်လဲ။ အဲဒီ မနန်းတစ်ယောက်ကလည်း သိပ်ပြီးအိမ်ကပ်လှတဲ့ သူ မဟုတ်။ လောလောဆယ် သူလုပ်နေတဲ့ အလုပ်ကိုက ပွဲစားအလုပ်ဖြစ်တဲ့ အလျောက် အချိန်ပြည့် ခြေတိုအောင်လမ်းများ နေနိုင်မှ ခပ်မြက်မြက်လေး အလုပ်ဖြစ်မှာ ။

ဒီတော့ သူလည်း ပဲ ထားသခင်ရဲ့ ဖိနပ်ကိုစီးကာ ခရီးနှင်နေမှာ ။ မနန်း ခြေထောက်နဲ့ တော့ ကိုယ့်ဖိနပ်လေး ကျယ်ရရှာပေတော့မည်ရယ်လို့ လည်း စိတ်ညစ် လက်ညစ် တွေးမိပြန်တဲ့ အခါ ဖိနပ်အသစ်တစ်ရန် ဝယ်လိုက်တာက အကောင်းဆုံးရယ်လို့ ပဲ ဆုံးဖြတ်လိုက်ကာ ထားသခင်က လျှောက်လက်စ ခြေလှမ်းကို ရပ်တန့်ပြီး နောက်ကြောင်းဘက် ပြန်လှည့်ကာ ကားလမ်းမကြီးကို ဖြတ်ကူးဖို့ ပြင်ဆင်လိုက်ပါလိုက်ပါသည် ။

ဒီရေသည် ဘေးမှာ ကျော်ထင် မောင်းလာသောကား၌ အခန့်သား စီးလာရခိုက် သက်သောင့်သက်သာ အားအားလျားလျား ရှိနေကာ ခုံနှစ်ခုံကြားက ကက်ဆက်ဆွေထည့်သည့် အံကလေးကို ဖွင့်မွှေနေပါသည် ။

များ သောအားဖြင့်က ကိုယ့်ကားကိုယ်မောင်းကာ သွားလာရတာက များ နေတာ။ တစ်ခါတလေများ သူများ မောင်းတဲ့ ကားပေါ် ဘေးကစီးရလျှင် ဘာမှ လုပ်စရာမရှိဘဲ ဇိမ်ကျသလိုလို ပျင်းသလိုလိုနှင့် မနေတတ် မထိုင်တတ်ပင် ဖြစ်ရပါသည် ။ ခုလည်း ကျော်ထင့်ကား ဒက်ရှက်ဘုတ်ကိုဖွင့်ကာ ဆီစာအုပ်ဖွင့်လှန်ကြည့်လိုက်၊ မီးခြစ်တို့ မူလီအတိုအထွာတို့ တွေ့သမျှ ကောက်ကြည့်လိုက် ပြန်ထည့်လိုက်။

ကက်ဆက်ခွေအံကို ဖွင့်ကာ တစ်ခွေချင်း ထုတ်ကြည့်လိုက်နှင့် တစ်လမ်းလုံး မငြိမ်မနေဘဲ လှုပ်စိလှုပ်ရွ ဖြစ်နေပါသည် ။

“ဟေ့ကောင် ... မင်းကလည်း ကွာ၊ ကလေး ခေါ်လာတာထက်ဆိုးနေပြီ”

“ဘာလဲကွ ... ဘာဖြစ်လို့ လဲ”

“ဟိုကလိ ဒီကလိ ... ဟိုဖွင့် ဒီလှန်နဲ့ ”

“အဲဒီတော့ ဘာဖြစ်တုံးကွ၊ အားနေလို့ စပ်စုနေတာပါ”

“မျက်စိကို နောက်နေတာပဲ၊ အငြိမ်ကို မနေဘူး၊ ဟာ ... ဟေ့ကောင်၊ ငါ့အခွေတွေ ပြုတ်ကျကုန်ပြီ”

“ပြုတ်ကျရင် ပြန်ကောက်လို့ ရတာလဲ”

ဒီရေက ကားကြမ်းပြင်ပေါ် ကလောက် ကလောက်မြည်ကာ ပြုတ်ကျသွားသော အခွေနှစ်ခွေကို ပြန်ကောက်ထည့်ရင်း ...

“ဒီအခွေက ငါ နားမထောင်ဖူးသေးဘူးကွ”

“နားထောင်ဖူးပါတယ်ကွာ”

“မထောင်ဖူးဘူးကွ၊ ဟုတ်တယ်”

ဒီရေက အခွေကိုထုတ်ကာ ကားကက်ဆက်ထဲ ထိုးထည့်လိုက်ပါသည်။ ထွက်ပေါ်လာသော တေးသံကို နားထောင်နေရင်း ခေါင်းလှုပ်လှုပ် လက်လှုပ်လှုပ် လုပ်နေရာ ကျော်ထင်က မျက်စိနောက်တဲ့ ဟန် ပိုပိုသာသာ ရှုံ့မဲ့ပြပါသည်။ ထိုစဉ်ကားက မီးပွိုင့်တစ်ခုမှာ မီးနီမိလိုက်၍ ရပ်တန့်လိုက်ရရာ ကားနံဘေးကို မီးပွိုင့်မှ ပိုက်ဆံတောင်းသော ကလေးငယ် တစ်ယောက် ကပ်လာသည်။

“အစ်ကိုကြီးတို့ ရယ်၊ ကျွန်တော် ထမင်းမစားရသေးလို့ ပါ၊ ထမင်းဖိုးလေး တစ်ကျပ် နှစ်ကျပ်လောက် စွန့်ကြဲခဲ့ပါ”

ကျော်ထင့်ဘက်က ခေါင်းခါပြလိုက်၍ မဲ့တူးညစ်ပေနေသော ချာတိတ်က ဒီရေ ဘက်ကွေ့ပတ်လာရပ်ကာ ...

“အစ်ကိုကြီးတို့ ရယ်”

ဒီရေက ပေါင်ပေါ်က သူ့ပိုက်ဆံအိတ်ပြားကလေးကို ကောက်ဖွင့်ကာ ပိုက်ဆံအကြွေရှာသည်။ ကျော်ထင်က ချာတိတ်လေးကို လှမ်း၍ ...

“ဟေ့ကောင်လေး ... သွား သွား၊ မင်းတို့ ကောင်လေးတွေ အကျင့်ပါတယ်”

ဒီရေက ပိုက်ဆံရှာနေ၍ ချာတိတ်လေးက ထွက်သွားဖို့ လုံးဝစိတ်မကူးဘဲ ပေရပ်နေကာ ...

“အစ်ကိုကြီးရယ် ... ကျွန်တော် တကယ် ဗိုက်ဆာနေလို့ ပါ”

"ဟော့ကောင် … ငါက နှင်ထုတ်နေတာ၊ မင်းက ပိုက်ဆံနိုက်နေတော့ ဟိုဟာလေးက မသွားတော့ဘူးကွ"

"အကြွေရှိရင် ပေးလိုက်မလို့ ပါကွာ"

"ဟာ မင်းကလည်း ၊ ဒါလေးတွေက သိပ်အကျင့်ပါတာကွ၊ တကယ့် သူတောင်းစားလည်း မဟုတ်ဘူး ၊ အချောင်ရလို့ လာတောင်းနေကြတာ၊ သူတို့ ကို ပိုက်ဆံပေးတာဟာ သူတို့ စရိုက်ကို ဖျက်ဆီးရာကျတယ်"

"ဒီလောက် စဉ်းစားမနေမနေပါနဲ့ ကျော်ထင်ရာ၊ သူဗိုက်ဆာနေလို့ တဲ့ ကွ၊ တကယ် ဆာရင် ဆာနေမှာ ပေါ့၊ မင်းမှာ အကြွေမရှိဘူးလား၊ ကြည့်စမ်းပါ"

ကျော်ထင်က ကြည့်မနေဘဲ …

"မရှိဘူးကွာ"

"ရှာပါဦးကွ၊ မင်းကလည်း …"

"ဟာ … မပေးပါဘူး ဆိုတာကွာ"

"ကျွတ် … မင်ကလည်း ၊ ဒီမှာ တစ်ဆယ်တန် နှစ်ဆယ်တန်က မရှိ၊ ဩော် … ဩော် … ငါးဆယ်တန်တစ်ရွက်တွေ့ပြီ"

မီးပွိုင့်က မီးစိမ်းပြီဖြစ်ရာ ကျော်ထင်က ကားကိုမောင်းထွက်ဖို့ ပြင်လိုက်၍ ဒီရေက ကမန်းကတန်းပင် ငါးဆယ်တန်ကို ပိုက်ဆံထပ်ကြားမှ ဆွဲထုတ်ကာ ကားမှန်တစ်ဝက်ကို ထပ်လျှောချ၍ ခပ်သုတ်သုတ် ပြေးလိုက်လာသော ချာတိတ်ထံ ငါးဆယ်တန်ကို လှမ်းပစ်ချပေးလိုက်ပါသည် ။

"ကျွတ် … မင်း လုပ်တာနဲ့ ဒီကောင်လေးလည်း ကားတိုက်တော့မယ် ၊ အတင်းကို ပြေးကောက်တာပဲ"

"ကောက်ပါစေပေါ့ကွာ၊ မတိုက်ပါဘူး၊ သူတို့ က ကျွမ်းပါတယ်"

ငါးဆယ်တန် ဆွဲထုတ်လိုက်၍ ထွက်ကျလာသော ပိုက်ဆံတစ်ရွက်နှစ်ရွက်၊ စာရွက်တို စာရွက်စတွေနှင့် ဗစ်ဇစ်တင်းကတ်တွေ ဘာတွေကို ဒီရေက သူ့ပိုက်ဆံအိတ်ထဲ ပြန်ကောက်ထည့်ကာ ရှုပ်နေပြန်ပါသည် ။

"မင်းကလည်း ကွာ၊ အလကားနေရင်း မကြိုက်နှစ်သက်ဖြစ်နေတာပဲ၊ မင်းက ငါ့အဖေ ဆိုရင်တော့ ကျဉ်းကျပ်ချုပ်ချယ်လိုက်မယ့် ဖြစ်ခြင်း"

"မင်းကလည်း နေရာတကာ ဟိုပါပါ ဒီပါပါ ဟုတ်တာလည်း မဟုတ်ဘဲနဲ့ ဘာလေးတွေ ရှုပ်ပွနေသလဲ မသိဘူး၊ ဟိုစပ်စပ် ဒီစပ်စပ် အကြောင်းအရာတိုင်းကို လိုက်ပတ်သက်နေတာပဲ၊ မဆိုင်သလို မနေဘူး၊ မျက်စိနောက်ချင်စရာကိုး"

"စပ်စုတယ်ပဲ ပြောလိုက်ပါကွာ"

"စပ်စုတယ်ပြောလည်း မလုံလောက်ဘူးလေ၊ ခုနလိုဟာမျိုးကျ ဘယ်လိုပြောမလဲ၊ မင်းဘေးနား တောင်းတဲ့ ရမ်းတဲ့ လူ လာလို့ ကတော့ ထည့်လိုက်သေးတာပဲ၊ ငါက သူများ အလှူဒါနကို ပြိတ္တာလုပ်ပြီး အကုသိုလ်ယူနေတာတော့ မဟုတ်ပါဘူး၊ မင်းက ပိုက်ဆံတောင်းတဲ့ သူ ဆိုလည်း ထည့်လိုက်တယ်၊ ကြော်ငြာစာရွက် လာဝေတာကအစလှမ်းတောင်တောင်းသေးတယ်၊ မင်းမှာ ဇံဇာဘယာများ လွန်းတာကို ပြောတာ"

"ပိုက်ဆံလည်း ကွာ ငါ့ဘက်ကလည်း ရာထောင်ချီပေးလှူရတာ မဟုတ်ပါဘူး၊ တစ်ဆယ် နှစ်ဆယ်လေး၊ ငါလည်း ဘာမှ မကုန်ကျ၊ ရတဲ့သူကျတော့လည်း လိုချင်ရှာတယ်ကွာ၊ ဒီချာတိတ်တွေကို အားပေးအားမြှောက် အကျင့်ဖျက်သလို မဖြစ်အောင်ဆိုတဲ့ သီအိုရီကိုလည်း နားလည်ပါတယ်၊ ဒါပေမဲ့ကွာ လောလောဆယ် သူတို့ လေးတွေ ဗိုက်ဆာနေတာလေး စမူဆာတစ်ခုပဲ ဝယ်စားရစားရပေါ့ကွာ၊ မဟုတ်ဘူး

လား ...

ကြော်ငြာစာရွက် ဆိုတာမျိုးကလည်း လမ်းဆုံလမ်းခွမှာ အဲလိုကြော်ငြာကမ်းကြတဲ့ သူတွေ အခု အများကြီးရှိလာတယ်၊ ကျူရှင်ကြော်ငြာ၊ ဘော်ဒါကြော်ငြာ၊ အလှကုန်ပစ္စည်းကြော်ငြာ၊ အခွေကြော်ငြာတွေပေါ့၊ များ သောအားဖြင့် လမ်းသွားလမ်းလာတွေဟာ ကိုယ့်ကိစ္စနဲ့ ကိုယ် အချိန်အလုအယက် ဖြစ်နေတော့ ကြော်ငြာကမ်းခံရတာလေးကို အနှောင့်အယှက်လို့ တောင် တချို့က ဖြစ်တယ် ...

တချို့ဆို လှမ်းယူလိုက်ပြီး ဖတ်တောင်မကြည့်ဘဲ ရှေ့ကျ လုံးခြေလွှင့်ပစ်လိုက်ရော၊ လိုလိုလားလား ကိုယ်က စိတ်ဝင်တစား တောင်းယူဖတ်ကြည့်တော့ ကြော်ငြာဝေနေရတဲ့ သူတွေလည်း အားရှိတာပေါ့ကွာ၊ သူတို့ ကို အားပေးတာပါ၊ ကူညီတဲ့ သဘော တစ်စိတ်တစ်ဒေသပါတယ်ကွ”

“အေးပါကွာ ... အေးပါကွာ”

“မင်းလို အရာရာကို သိပ်ရှုပ်တာပဲဆိုတဲ့ ဘက်က ကြည့်မြင်တဲ့ သူတွေဟာ ဘယ်တော့မှာ ပျော်ရ ရွှင်ရ စိတ်ချမ်းသာရမှာ မဟုတ်ဘူး ၊ အလကားနေ စိတ်ရှုပ်နေမှာ ပဲ၊ ခုပဲကြည့် မင်းမျက်ခုံးကြီးကတွန့်လို့ ၊ ငါတို့ ရွယ်တူတွေ မင်း ငါ့ထက်တစ်လပဲကြီးတာကွ ကျော်ထင်ရ၊ ဒါပေမဲ့ မြင်တဲ့ သူတွေက မင်း ငါ့ထက် သုံးလေးနှစ်ကြီးတယ် ထင်ကြတယ် ... ဟီ ဟီ ...”

ဒီရေ စကားက ငြင်းမရအောင်လည်း ဟုတ်နေ၍ ကျော်ထင်က ဘာစောဒကမတက်နိုင်၊ အောင့်သက်သက်နှင့် မျက်ခုံးရှုံ့ကြီးကိုသာ ကမန်းကတန်း ဖြေလိုက်ပါသည် ။

“မင်းရပ်ဆိုးရင် အတော်ချောတဲ့ အထဲပါပြီး ရုပ်က မကြည့်တော့ မ

ထွက်ဘူးပေါ့ကွာ၊ ရုပ်က ကြည်လင်ပြီး ရှင်းရှင်းလင်းလင်းနဲ့ အေးသန့်နေခြင်းဟာလည်း ချောတာလှတာနည်းတူပဲ လူကိုကြည့်ကောင်းစေတာပဲကွ၊ ကဲ ... ဒီလောက်ဆိုရင် ဆယ်တန်းတုန်းက မင်းလိုက်ခဲ့တဲ့ ဘီတန်းက လဲ့လဲ့မင်း ဆိုတဲ့ ကောင်မလေးက မင်းလိုချောချောကောင်ကို မကြိုက်ဘဲ ငါ့ကိုသာ တစ်ဖက်သတ် ကြိုက်နေခဲ့တဲ့ အကြောင်းရင်း ဇာစ်မြစ်ကို သိရောပေါ့"

ပြောရင်း ဒီရေက ရယ်လေရာ ကျော်ထင်မှာ မခံချိမခံသာ မျက်နှာကြီးနှင့် ...

"ခွေးကောင်၊ တော်စမ်းပါကွာ၊ နားညည်းလိုက်တာ၊ ကားပါကင်လုပ်ဖို့ နေရာမတွေ့ရတဲ့ ကြားထဲ"

"ဒါကို စိတ်ညစ်မနေနဲ့ ၊ လွတ်ရာကျွတ်ရာ ရပ်လို့ ရတဲ့ လမ်းဘေးတစ်နေရာသာ ထိုးရပ်လိုက်၊ ဆင်းပြီး ဆက်လျှောက်သွားမှာ ပေါ့ကွ၊ ခြေထောက်ပါသားပဲ"

"ခြေထောက်ပါတာ မင်းပြောမှ လား၊ ကိုယ့်ကား ကိုယ်ရှိတဲ့ နေရာနဲ့ နီးနီးနားနား တွေ့နေရအောင်ပေါ့ကွ"

"မြို့ထဲ ဒီနေရာတွေ ဒီလောက် ကားကျပ်တာကွာ၊ မင်းအောင်ဘုဆိုင်နားအထိ သွားရပ်ဖို့ ရှာကြံမနေနဲ့ ၊ နောက်တစ်ပတ် ပြန်ပတ်နေရလိမ့်မယ်၊ မရောက်ခင် ဒီနားကတည်းက ရပ်ခဲ့တော့ကွ"

"ဟာ ... သိပ်ဝေးသေးတယ်ကွ"

"ဝေးဝေးပေါ့ကွာ၊ လျှောက်လိုက်တာပေါ့ကွ၊ ဒီမှာ နေရာလွတ်ကွ၊ ထိုးဝင်လိုက်တော့၊ ဝင် ... ဝင် ... "

"ဟာကွာ ... ကျွတ်"

ပါးစပ်က တကျွတ်ကျွတ် တကျက်ကျက် မြည်တမ်းညည်းညူရင်း ကျော်ထင်က ဒီရေ ညွှန်ပြရာမှာ ကားကိုတော့ထိုးဝင်ပ့ါကင်လုပ်လိုက်ရပါသည် ။

*

ကားပေါ်က ဆင်းပြီးလျှင် ကျော်ထင်က အောင်ဘုကို ဝင်ခေါ်ပြီး လိုက်လာလျှင် ထိုင်စရာနေရာ ရှင်းလင်းအောင် ကားနောက်ခန်းထိုင်ခုံမှ ပစ္စည်းပစ္စယ အထုပ်အပိုးတချို့ကို ကားနောက်ဖုံးထဲ ပို့ဆောင်နေဆဲ ဒီရေက ရှေ့ကိုကြိုလျှောက်လာပါသည် ။

ဟိုရှေ့နားက ပလက်ဖောင်းပေါ်မှာ မုန့်အုပ်ကလေးရောင်းသော ဆိုင်လေး၊ မုန့်အုပ်ကလေး ဝယ်စားမည်ဟု စိတ်ကူးနှင့် ဒီရေက အရင်လျှောက်ထွက်လာကာ မုန့်အုပ်ကလေး ဝယ်သည် ။ အခုနှစ်ဆယ် သုံးဆယ် ထည့်ထားသော ကြွပ်ကြွပ်အိတ်လေးဆွဲကာ ပိုက်ဆံရှင်းနေစဉ်တွင် ဒီရေက ဟိုဟိုဒီဒီ တစ်ချက်ငေးငဲ့ကြည့်ခိုက် ရှေ့မလှမ်းမကမ်းနားမှာ လမ်းလျှောက်သွားနေသော မိန်းကလေးတစ်ယောက် ဖျတ်ခနဲ ရပ်တန့်လိုက်တာကို အမှတ်တမဲ့ မြင်လိုက်မိသည် ။

ကောင်မလေး လမ်းလျှောက်ရင်း ရပ်သွားပုံက တုံးတိတိ။ လျှောက်လှမ်းနေရာမှ တိခနဲရပ်လိုက်တာ ဖြစ်သည် ။ ထို့နောက် ကောင်မလေး မျက်နှာက ကားလမ်းဘက်လည်ကာ ကားလမ်းကို တစ်ချက်ငေးစိုက်ကြည့်လိုက်၍ ဒီရေ့ နေရာမှ ကြည့်တော့ ကောင်မလေး မျက်နှာကို တစ်ခြမ်းလှမ်းမြင်ရပါသည် ။

အရပ်မြင့်မြင့် ဖြူသွယ်သွယ် ကိုယ်ဟန်လေးနှင့် လိုက်ဖက်သော ချစ်စဖွယ် ရုပ်ရည်လေးဟာ မှုန်တင်းတင်းကလေး ဖြစ်နေသည် ။ အလိုမကျသော ခံစားချက်တစ်မျိုးကို မျက်နှာတစ်ခြမ်းစောင်းပေါ် အထ

င်အရှား မြင်နေရ၍ ဒီရေက ဆက်၍ စိုက်ကြည့်နေမိပါသည် ။

ဟော ... ။ တစ်ခုခုကို ဆုံးဖြတ်လိုက်သည့် နှယ် ချာခနဲ လှည့်လာသော ကောင်မလေး မျက်နှာကို အတည့်မြင်ရလျှင် ချစ်စရာလေး ဆိုသည့် မှတ်ချက်က ပိုပြီးခိုင်မာသွားပါသည် ။ ဖြတ်ဖြတ်နှင့် ဒီဘက်ကို ပြန်လှည့်လျှောက်လာကာ ဒီရေနှင့် မျက်နှာချင်းဆိုင် အနေအထား ခပ်နီးနီး ဖြစ်နေပေမယ့် ကောင်မလေးက ဒီရေ့ကိုမကြည့်။ ကောင်မလေး ဘာဖြစ်နေပါလိမ့်။ သူ့မျက်နှာပေါ်က အရိပ်အယောင်ဟာ မှိုင်းနေ၍ လူနှင့် စိတ်နှင့် လည်း ကပ်ပုံမရ။ တစ်စုံတစ်ယောက်ကို နာကြည်းနေသလို မျက်နှာထားနှင့် ကောင်မလေးကို ဒီရေ အံ့အားတသင့်စိုက်ကြည့်နေဆဲ ကောင်မလေးက ဒီရေနှင့် လက်တစ်ကမ်းသာသာလောက်မှာ ရပ်လိုက်ပြီး ကားလမ်းမဘက် မျက်နှာမူလိုက်ပါသည် ။

ကားလာမည့် ဘယ်ဘက်သို့ တစ်ချက်မျှော်ကြည့်လိုက်သော ကောင်မလေးကို ကားလမ်းကူးလိမ့်မည်ဟု ဒီရေထင်နေဆဲ ရုတ်တရက် မမျှော်လင့်စွာ ကောင်မလေးသည် ကားလာနေရာရှေ့လမ်းမပေါ်သို့ မှောက်လျှားထိုး ပစ်လှဲချလိုက်သည့် ဟန်ကြောင့် ...

"ဟာ ... ဟေ့ ... ဟေ့ ..."

ဒီရေသည် လန့်ဖျပ် ခေါင်းနားပန်း ကြီးသွားပြီး လွှားခနဲ ကောင်မလေးထံ ခုန်ဝင်ကာ ကောင်မလေးရဲ့ လက်တစ်ဖက်ကို မှီရုံကလေး လှမ်းဖမ်းဆောင့်ဆွဲပစ်လိုက်ရာ ကောင်မလေးမှာ လမ်းမပေါ် ထိုးလှဲတော့မည့် အနေအထားမှ ဆတ်ခနဲနောက်ပြန်ယိမ်းပြီး ဒီရေရဲ့ ကိုယ်ခန္ဓာနှင့် ဝင်ဆောင့်လျက် နှစ်ယောက်သားလုံးထွေးပြီး လမ်းမရဲ့ အစပ် ပလက်ဖောင်းစွန်းပေါ် လိမ့်ကျသွားရပါတော့သည် ။

"အား"

"အောင်မယ်လေး ... ကျွတ် ကျွတ်"

သူတို့ နှစ်ယောက်ပါးစပ်မှ ညည်းညူအော်ဟစ်သံရော၊ ဘေးဘီမှ အလန့်တကြား ဝိုင်းဝန်းရေရွတ်သံတွေရော၊ ဗလုံးဗထွေး ထွက်ပေါ်လာသည် ။ ဒီရေသည် ပလက်ဖောင်းအဆင့်နှင့် ကျောဆောင့်မိ၍ ကျောတစ်ခုလုံး အောင့်ကာ နာကျင်သွားရဆဲ သူ့ကိုယ်ပေါ် ပိလျက်သား လဲကျနေသော ကောင်မလေးရဲ့ အလေးချိန်ကလည်း ပိနေရာ ရုတ်တရက်အတွင်း ပြန်မထနိုင်။

ကောင်မလေးကို သူ့ကိုယ်ပေါ်မှ ပြန်တွန်းထုတ်နေမိသည့် တိုင် သူမရဲ့ လက်တစ်ဖက်ကိုတော့ မလွှတ်ရဲသေးဘဲ ဆွဲကိုင်ထားဆဲ တန်းလန်း။ ကောင်မလေးကလည်း သူ့ဟာသူ လူးလဲထသည် ။ နှစ်ဦးသား မကြာခင် ပလက်ဖောင်းစပ်မှာ ထိုင်ရက်သား အနေအထား ဖြစ်သွားရကာ လူတွေကလည်း ဝိုင်းအုံကြည့်နေကြပါသည် ။

ထားသခင်သည် သူ့လက်ကို ဆုပ်ကိုင်ထားသည့် လူကို ခပ်ရှက်ရှက် မျက်နှာပုပ်ပုပ်နှင့် ကြည့်ကာ ...

"လွှတ်လေ ... ထား လက်ကို လွှတ်"

"မလွှတ်ဘူး"

"ဘာရှင့်"

"မလွှတ်ဘူး ... လွှတ်လို့ မဖြစ်ဘူး ... မင်း ... မင်း ..."

"ဘာလို့ လွှတ်လို့ မဖြစ်ရမှာ လဲ"

"မင်း ... မင်း ... ဘယ်လို လုပ်လိုက်တာလဲ"

ဒီရေသည် ကောင်မလေးကို အထိတ်တလန့်နှင့် မျက်လုံးကြီးပြူး

ကာ စူးစိုက်ကြည့်နေမိသည် ။ လက်ကို လွှတ်လိုက်လျှင် မဟုတ်တရုတ် တစ်ခုခု ထပ်လုပ်မှာ ပူပန်မိ၍ ပင်။ သူ့မျက်စိရှေ့မှောက်မှာ လာနေသည့် ကားရှေ့ ဝမ်းလျားထိုးမှောက်ဝင်ကာ သေကြောင်းကြံစည်မှုကို ပီပီသ သကြီး မြင်လိုက်ရတာမို့ ကောင်မလေးကို လန့်နေပါသည် ။

ထားသခင်သည် ဒီလူဟာ သူ့အသက်ကို ကယ်လိုက်သည့် အသက်သခင် ကျေးဇူးရှင်ရယ်လို့ နားလည်လို့ သာ တအားကြီး ရန်မလုပ်တာပင်။ ဒါပေမဲ့ လူကို သရဲတွေ့သလို ပြူးကြောင်ကြီးကြည့်ကာ လက်ကောက်ဝတ်ကို မလှုပ်တမ်းဆုပ်ကိုင်ထားတာကိုတော့ မျက်မုန်းကျိုးပေပြီ။

"ထား ဘာလုပ်လို့ လဲ"

ထားသခင်က အော်ဟစ်၍ မေးလိုက်ပါသည် ။

"မင်း ... မင်းလုပ်တာ မင်းဟာမင်း အသိဆုံးပေါ့"

"ဘာကိုလဲ၊ ရှင် ဘာကိုပြောနေတာလဲ"

"မင်း လုပ်တာလေ"

"ထား ဘာလုပ်လို့ လဲ၊ ကဲပါ ... လက်ကို အရင်လွှတ်လို့ ရနေပြီ"

"မလွှတ်ရဲဘူးလေ၊ လယ်လိုလုပ် လွှတ်ရဲမှာ လဲ"

"ဘာကိစ္စ မလွှတ်ရဲရတာလဲ၊ လွှတ်ရင် ရှင့်ကို ဘယ်သူက ဘာလုပ်မှာ မို့လဲ"

"ကျွတ် ... မင်း အူကြောင်ကြောင် လုပ်မနေနဲ့ "

"ရှင်သာ အူကြောင်ကြောင် လုပ်ပြီး ထား လက်ကိုကိုင်ထားနေတာလေ"

"ကိုင်ထားရတာက ငါ မင်း အသက်ကို ကယ်လိုက်တာလေ"

“သိတယ်လေ … ကယ်ပြီးပြီပဲ၊ လွှတ်လို့ ရပြီ”

“မဖြစ်ဘူး … မင်းက ဦးနှောက်မှ မှန်ရဲ့ လား ဘာလားမသိ၊ ငါ လွှတ်လိုက်ရင် ခုနလို တစ်ခါ ကားရှေ့ဝင်နေဦးမယ်”

“ဘယ်သူက ကားရှေ့ဝင်လို့ လဲ”

“မင်းပဲလေ”

“ကားရှေ့ကို ဘယ်သူက တမင်ဝင်မှာ လဲ ထားဟာထား ချော်လဲမလို့ ဟာကို၊ ရှင်ကယ်လိုက်တာ ကျေးဇူးတင်တယ်၊ ဒါပေမဲ့ ထား စိတ်တို လာပြီနော် … အခု”

“မင်းက စိတ်တိုမှာ ပေါ့၊ မင်းသေကြောင်းကြံတာကို ငါက တားဆီး ကာကွယ်လိုက်တာကိုး”

“ဟာ … ရှင် ဘာတွေ လျှောက်ပြောနေတာလဲ”

သူတို့ နှစ်ယောက်ရဲ့ အော်ကျယ်ဟစ်ကျယ် စကားတွေကို နံဘေးနံဘီက လူတွေဟာ စပ်စပ်စုစု ရပ်နားထောင်ကြည့်ရှုနေကြပါသည် ။ လူတွေကြည့်နေတာကြောင့် ထားသခင်မှာ ရှက်ရတဲ့ ကြားထဲ ဘာတွေ လျှောက်ပြောနေမှန်း မသိတဲ့ လူကြောင့် စိတ်ပါတို လာပြီ။

“မညာစမ်းပါနဲ့ ကွာ၊ မင်းချော်လဲတာ မဟုတ်ဘူး ၊ ကားရှေ့ကို အပြားလိုက် ဝမ်းလျားမှောက် ထိုးချတာ၊ ဟုတ်တယ်မို့လား”

ဒီရေက ဘေးက မုန့်အုပ်လေးဈေးသည် ကို မေးငေါ့သက်သေယူလိုက်၍ ထိုမိန်းမကြီးက မျက်လုံးပြူးနှင့် …

“ဟုတ်တယ် … ဟုတ်တယ်၊ ကလေးမက လမ်းမပေါ်မှောက်အိပ်ချလိုက်တာ၊ ဘုရား … ဘုရား …၊ ကံသီပေလို့ မကြံကောင်း မစည်ရာ က

လေးမရယ်”

“ဟာ ... ဘာတွေ လာပြောနေတာလဲ၊ ကျွတ် .... ဒုက္ခပါပဲ”

ထားသခင်က စိတ်ရှုပ်ရှုပ်နှင့် လမ်းမပေါ် လက်ထောက်ထရင်း သူ့ရဲ့ လက်တစ်ဖက်ကိုပါ ရုန်းသည် ။ ဒီရေက လွှတ်မပေး၍ ကုန်းကွကွ ထမရ ဖြစ်နေလေသည် ။

“ရှင့်ကို လွှတ်လို့ ပြောနေတယ်၊ စိတ်တို လာပြီနော်”

ဒီရေက ကျောအောင့်နေသေးသော်လည်း သူ့ရဲ့ ပြုတ်တူလို မြဲမြဲမြံမြံ ဆုပ်ကိုင်ထားရတဲ့ လက်ကို မဖြုတ်ပေးနိုင်၍ သူပါ ကြိုးစားလူးလဲထသဖြင့် နှစ်ဦးလုံး မတ်မတ်ရပ်မိသွားပါသည် ။

“ဟာ ... ဟော့ကောင်၊ ဘာဖြစ်တာလဲကွာ”

ကျော်ထင် ရောက်လာကာ ဘေးက တစ်ယောက်တစ်ပေါက် တီးတိုးဝေဖန် မှတ်ချက်သံတွေကို နားထောင်ရင်း ဒီရေနှင့် ကောင်မလေးကို အံ့အားတသင့် ဖြစ်နေရလေသည် ။

“ဒီကောင်မလေးကွာ၊ ကားရှေ့ မကြောက်မလန့်နဲ့ ဝမ်းလျားမှောက်ချပြီး သေကြောင်းကြံတာ၊ ငါ ဆောင့်ဆွဲလိုက်လို့ ”

“ မဟုတ်ဘူး လို့ ပြောနေတယ်နော်”

“မင်းက ခုတော့ မဟုတ်ဘူး ပဲ ပြောရမှာ ပေါ့၊ လူမိပြီးကယ်လိုက်တော့ မင်း သေကြောင်းကြံမှု အထ,မှ မမြောက်တော့တာ”

“ရှင် ဒီသေကြောင်းကြံတဲ့ စကားလုံးကိုပဲ ထပ်တလဲလဲ ရွတ်မနေနဲ့ ၊ သူများ တွေကြားပြီး အဟုတ်ထင်ကုန်မယ်”

“အဟုတ်ပဲ ဥစ္စာ၊ ဟုတ်တယ်နော်”

ဒီရေက ဘေးကို ထောက်ခံချက် တောင်းလိုက်ပြန်သည် ။

"အေးဟယ် ... ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ရဲတင်းလိုက်တာ"

"ကျွတ် ကျွတ် ... သေချင်လည်း တခြားအနုနည်းတွေ ရှိပါသေးတယ် ၊ ခုဟာကတော့ လူရှေ့သူရှေ့ ရုပ်ပျက်ဆင်းပျက် သေမှာ မျိုးကြီး"

"ကားမောင်းတဲ့ သူပါ အမှုပတ်ဦးမှာ "

"အေးလေ၊ တစ်ဖက်သားကိုပါ ဒုက္ခပေးပြီးမှ တော့ မသေနဲ့ ပေါ့၊ ကိုယ့်ဟာကိုယ် ကျွတ်ကျွတ်လွတ်လွတ် သွားသေပေါ့"

"သတ်သေရလောက်အောင် ဘာတွေများ ဒီလောက်ဒုက္ခရောက်နေလို့ လဲဟယ်၊ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှနဲ့ "

ဝိုင်းအုံ တစ်ယောက်တစ်ပေါက် ဝေဖန်သံများကြားမှာ ထားသခင်ရဲ့ အဖြစ်ဟာ တကယ့်ကို သေကြောင်းကြံသူကြီးစစ်စစ် ဖြစ်လို့ နေပေပြီ။ ဒီမှတ်ချက်ကို အစပြုတဲ့ သူ အာကျယ်အာကျယ်လုပ်လို့ သာ ဘေးလူတွေကပါ ဘုမသိ ဘမသိ ရမ်းသမ်းပြီး ထင်ကြေးကို အဟုတ်လုပ် ဝေဖန်နေကြတော့တာ။

ထားသခင်သည် မျက်နှာကလေးရဲအောင် ရှက်ဒေါသ ဝေဖြာရကာ သူ့ရဲ့ လက်ကိုသာ ဆောင့်ဆွဲရုန်းဖြုတ်သည် ။ လက်ကိုလည်း ဆုပ်ညှစ်ထားလိုက်တာ မိချောင်းပါးစပ်ထဲ ဝင်နေတဲ့ အတိုင်း နာကျင်လှတာ မပြောပါနဲ့ တော့။ ချော်လဲတာတောင်မှ အခုလောက် မနာ။

"ရှင် ... လွှတ်တော့၊ ထား နာလှပြီ"

ထားသခင်က တစ်ခွန်း ထပ်အော်သည် ။ နာကျင်၍ မျက်ရည်ပင် လည်လာပါပြီ။ ဒီရေက မလွှတ်။

“ဟော့ကောင် … ဒီရေ၊ လွှတ်ရင်လည်း လွှတ်ပေး လိုက်လေကွာ”

“ဟာ … လွှတ်လိုက်ရင် ကားတွေထဲ ထပ်ဖြတ်ပြေးရင် ဘယ်လိုလုပ်မလဲ”

“ဘာကိစ္စ ကားကြားထဲ ဖြတ်ပြေးရမှာ လဲ”

ထားသခင်က အော်သည် ။

“မင်း သေဖို့ လေ”

“တောက် … အရမ်းကို စိတ်ညစ် လာပြီနော်၊ ရှင့်ပါးစပ်ကို ပိတ်ထားစမ်းပါ”

ထားသခင်မှာ စိတ်ညစ်တာ တစ်ခုကြောင့် ငိုချမိတော့မည်။ ခုနကတည်းက ဒုက္ခပေးလက်စ မနန်းရဲ့ ဖိနပ်ကြောင့် ကမန်းကတန်း လမ်းအ ပြေးဖြ တ် အ ကူးမှာ ရှေ့ဖိနပ်နောက်မြီးနှင့် နောက်ဖိနပ်ထိပ်ဦးတိုက်ငြိကာ လမ်းမပေါ် အလျားလိုက်ကြီး ပစ်ကျတော့မလိုပင်။ ကျများကျသွားရင် ခုလောက်ရှိ ကားကြိတ်မိပြီး ပွဲချင်းပြီးနိုင်ပါသည် ။

ဒီလူ ကယ်လိုက်လို့ သာ ကံသီပေလို့ ။ သို့ပေမဲ့ သူကယ်တင်လို့ ကျေးဇူးတင်ရမှာ နဲ့ မကာမိအောင် လူကို လူတကာအထင်လွဲအောင် သွားပုပ်လေလွင့် စွပ်စွဲနေတာကဖြင့် အတော်ရိုင်းသည် ။ လောကကြီးမှာ အပူပင်မရှိ သောကမရှိ အေးဆေးငြိမ်းချမ်းနေတဲ့ ထားသခင်က ဘာကြောင့် သေချင်ရမှာ လဲ။

အမိပ္ပာယ်မရှိ။ ခုတော့ လူတွေ ဝိုင်းကြည့်နေသည့် မျက်လုံးတွေက ကိုယ့်ကို အရူးလား၊ ဒါမှ မဟုတ် သေလောက်အောင် စိတ်ညစ်စရာ ဘာများကြုံထားရပါလိမ့်လို့ ကရုဏာဒလဟောနှင့် ထက်အောက်ပြန်လှန် အစုန်အဆန် အကဲခတ်ကြည့်ရှုနေကြသည် မှာ လူပင် ပြာကျပါတော့မ

ည်။

"ကဲ ... ကဲ ... ဟော့ကောင် ... ဒီရေ၊ ဒီမှာ လူလည်း အံ့ လာပြီကွ၊ လွှတ်ရင်လည်း လွှတ်လိုက်၊ မဟုတ်ရင်လည်း ကားနားဖြစ်ဖြစ် ပြန်လာ၊ တအား ဝိုင်းစူးစမ်းကုန်ပြီကွ"

ကျော်ထင့် စကားကြောင့် ထားသခင်က ကျော်ထင့်စကားကို သဘောတူသလို မျက်လုံးဝင့်ကြည့်လေရာ ကျော်ထင်က ကားဆီ ဦးဆောင်ပြန်လျှောက်လာခဲ့ပါသည် ။ ထားသခင်ပါ ဇွတ်ခြေလှမ်းလိုက်ပါတဲ့ အတွက် ဒီရေပါ လက်တွဲမဖြုတ်ဘဲ ကားနားအထိ ပြန်ရောက်လာကြသည် ။

"ကဲ ... ကားထဲ ဝင်ထိုင်"

"အောင်မာ ... ဘာကိစ္စ ထိုင်ရမှာ လဲ၊ ကိုယ့်လမ်းကိုယ်သွားနေတာ"

"မင်းကို လွှတ်လိုက်ရင် မင်း တစ်ခုခု ..."

"ဘာတစ်ခုခုမှ မလုပ်ဘူး၊ လုပ်စရာလည်း မလိုဘူး၊ သေကြောင်းလည်း မကြံဘူး၊ စိတ်ညစ်တယ် ... စိတ်ညစ်တယ် အီး"

ထားသခင်က ငိုချလိုက်၍ ကျော်ထင်ရော ဒီရေပါ ကယောင်ချောက်ချား ပျာယာခတ်သွားပါသည် ။

"အေးပါကွာ၊ မင်း ဘာကို စိတ်ညစ်လဲ ပြောပေါ့၊ မင်း စိတ်ညစ်တာတွေကို အိမ်မှာ မိသားစုနဲ့ ညှိနှိုင်းပြီး ပြေပြေလည်လည် ဖြေရှင်းဖို့ နည်းလမ်း ..."

"ရှင် ဘာတွေ လျှောက်ပြောနေတာလဲ"

"မင်းကို စိတ်မညစ်ဖို့ ပြောနေတာ"

"စိတ်ညစ်တာက ခုလို လူတွေ ဝိုင်းအုံဝေဖန်ပြီး တလွဲတွေထင်၊ ရှင်က ခုထိ လက်ကိုမလွှတ်၊ ဒါတွေကို စိတ်ညစ်တာရှင့်"

"မင်း လုံးဝ ထွက်မပြေးဘူးလို့ ကတိပေးလား"

"ပေးတယ် ... ပေးတယ် ... လွှတ်"

ဒီရေက လက်ကိုလွှတ်ပေးလိုက်ကာ ရုတ်တရက် မပြေးသာအောင် ကျော်ထင်နှင့် ကားနံဘေးနေရာကိုပါ ညှပ်ပူးညှပ်ပိတ် အနေအထားကျအောင် နေရာယူ ရပ်နေလိုက်ပါသည်။

ထားသခင်သည် နီရဲရုံသာမက အညိုအမည်းစွဲမတတ်ဖြစ်ကာ လက်ချောင်းရာတွေ ထင်းနေသော သူမရဲ့ လက်ကောက်ဝတ်ကို ကျန်လက်တစ်ဖက်နှင့် ဖြည်းဖြည်းပွတ်ကာ တအိအိကျိတ်၍ ငိုရိုက်လိုက်ပါသည်။ ရှက်လည်း ရှက် ဒေါသလည်း ထွက် ကားရှေ့ လဲကာနီးက ထိတ်လန့်သွားတာပါ မပြေသေး၍ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် ကျနေပါသည်။

"မင်းကွာ ... ကျွတ် ... လုပ်ရက်တယ် ... လုပ်ဝံ့တယ်"

"တော်ပါတော့ ... ရှင် ဘာမှ မပြောနဲ့ တော့"

"ငါ မျက်လုံးတွေကို ပြာသွားတာ၊ ငါဆွဲတာ မြန်ပေလို့ နို့မို့ ကလီစာပါထွက်ပြီး ခုလောက်ရှိ ချပ်ပြားဖြစ်နေလောက်ပြီ၊ မင်းကို ငါ ဒီလောက်သေချာ စေ့စေ့မြင်တာတောင် ဘူးကွယ်သေးတယ်၊ ကဲ ... မင်း တကယ်မတော်တဆ လဲမလိုဖြစ်တာဆိုရင် ခုချိန်မှာ ငါ့ကို ထိုင်ရှိခိုးမတတ် ကျေးဇူးတင်နေရမှာ ၊ မင်း အကြံအစည် အထမမြောက်လိုက်ရလို့ သာ ဒီလောက် ဒေါပွနေတာပေါ့"

"တော်ပြီ ... ရှင် ထင်ချင်သလိုထင်၊ ထား ဂရုမစိုက်ဘူး၊ ဖယ်ပေး ...

ထား သွားမယ်”

“အမယ် ... ဘယ်သွားမှာ လဲ”

“ကိုယ့်ဟာကိုယ် ဘယ်သွားသွားပေ့ါ”

“မရဘူး၊ ဘယ်သွားသွား သွားလို့ မရဘူး၊ မင်း လိပ်စာပြော၊ မင်းကို လူကြီးမိဘလက်ထဲ ပို့ပေးရမယ်၊ အိမ်ပြန်ပို့ပေးမယ်”

ထားသခင်သည် ဒီရေ့ကို ဒေါသတကြီး ကြည့်လိုက်ပါသည် ။ အိမ်အထိ လိုက်ပါပြီးတောင် မဟုတ်တရုတ်တွေ ပြောဦးမလို့ ပေ့ါလေ။ တောက်။

“ဒီမှာ ...၊ ရှင် လုံးဝလိုက်ပို့စရာ မဟုတ်ဘူး ၊ ရှင်ပို့တော့ရော၊ ထားက မလိုက်ဘူး၊ ရှင် ဘာလုပ်ချင်လဲပြော၊ ထားမလိုက်ဘဲ ကားပေါ်ဆွဲတင်မလား၊ အော်ပစ်လိုက်မယ်၊ ဘာမှတ်နေလဲ”

ကျော်ထင်က ကြားထဲက ခေါင်းကိုကုတ်ကာ ...

“အေးလေကွာ ... သူ မလိုက်ရင် ငါတို့ က ဘယ်လိုလိုက်ပို့မှာ လဲ၊ မင်း သူ့ကို ကယ်တင်လိုက်တယ်၊ ပြီးပြီပေ့ါ၊ လွှတ်လိုက်ဖို့ ပဲ ရှိတယ်၊ သူ့ဟာသူ ဘာပဲဆက်လုပ်လုပ် မင်းအပူ မပါဘူး၊ ပစ်ထားလိုက်”

“ဟ ... နောက်တစ်ခါ ထပ်သေကြောင်းကြံနေရင်”

“အဲဒါ မင်းနဲ့ မဆိုင်တော့ဘူး ဒီရေ၊ နော် ...၊ သူသေကြောင်းကြံသမျှကိုလည်း မင်း လိုက်သိ လိုက်ကယ်နေနိုင်မှာ မဟုတ်ဘူး ၊ သူလည်း သူ့ကိစ္စနဲ့ သူ၊ မင်းလည်း မင်းကိစ္စနဲ့ မင်း၊ မင်းရှေ့မှောက်တည့်တည့်ကြီးမှ လာကြုံတာကိုတော့ မင်း ကယ်တင်လိုက်နိုင်တယ်၊ ဒါပဲ ... ပြီးပြီ၊ ရှေ့ကို သူ ဘာဆက်လုပ်လုပ်၊ သူ့ကိစ္စပါ”

"ဟာ ... ဒီလိုဘယ်ဟုတ်မလဲကွ၊ သူ့ကြည့်ရတာ ..."

"ဟုတ်တယ်ရှင် ... ထားဟာထား ထပ်ကြံမယ် ဘာဖြစ်သေးလဲ၊ ရှင်နဲ့ ဘာမှ မဆိုင်ဘူး၊ ထားဟာထား အိမ်ပဲပြန်ပြန်၊ မီးရထားလမ်းပဲ သွားသေသေ ရှင့်အပူ ပါကို မပါဘူး၊ တကတဲတော်၊ သူပဲ သိပ်ကို ကယ်တင်ချင်လွန်းတယ်၊ အခုတစ်ခါကယ်ပြီး တော်ပြီပေ့ါ"

"မင်း ... ခုနက သေကြောင်းကြံစည်တာ ဝန်ခံပြီပေ့ါ"

ထားသခင်က ဒီရေ့ကို စိုက်ကြည့်လိုက်ပါသည် ။ အတော်ကို မဆီမဆိုင် အပူရှာတဲ့ သူ။ စိတ်ချဉ်က ပေါက်နေပြီဖြစ်၍ ...

"ဟုတ်တယ်ရှင် ... ဘာဖြစ်သေးလဲ၊ ကိုယ့်ဟာကိုယ် သေချင်လို့ ကြံတယ်၊ ဘာဖြစ်လဲ၊ ရှင်ဘာလုပ်မလဲပြော၊ ရဲတိုင်မလား"

ခါးနှစ်ဖက်ကို စုံထောက်ကာ မေးကိုထိုးရင်း ဆတ်ရင်း ခပ်ကိုင်းကိုင်းလေး မေးနေပုံလေးက ဘာနှင့် တူမှန်းမသိ။ ဒီပုံဒီပန်းလေးနဲ့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံရှာသူလေးကို ဒီရေက သနားကရုဏာသက်စွာ ကြင်နာစွာ ငေးစိုက်ကြည့်နေမိပါသည် ။ သူ ဘာလုပ်လို့ ရလဲ၊ မရပါ ။

ဇွတ်ဆွဲခေါ်ထားလို့ လည်း ရတာမဟုတ်။ ခုနေ သူအော်ဟစ်လျှင် ကိုယ် ပြဿနာဖြစ်မှာ ကလွဲ၍ ဘာမှ မရှိ။ သူနဲ့ ကိုယ်ဟာလည်း ခုမှ မမျှော်လင့်ဘဲ စဆုံတွေ့ဖူးတာ။ ကိုယ်နဲ့ ဘာမှ လဲ မဆိုင်။ မျက်နှာလွှဲပြီး မဆိုင်သလို နေလိုက်ဖို့ ပဲရှိပါသည် ။

နာမည်ကို "ထား" "ထား" နှင့် ထည့်ပြောနေ၍ နာမည်တော့ တစ်လုံးသိရပြီ။ ဘယ်အရပ်က ဘယ်သူ့သားသမီးပါလိမ့်။ ဘာအခက်အခဲ ဒုက္ခပြဿနာတွေများ ကြုံတွေ့ထားရပါလိမ့်။ တကယ့်ကို သူ စိတ်မကော

င်းပေ။

"ကဲ ... ဖယ်၊ သွားတော့မယ်"

ထားသခင်က ဗေဒါလျှော်အိတ်ဝိုင်းဝိုင်း ပန်းရောင်လေးကို ပြင်လွယ်လိုက်ရင်း ခြေလှမ်းပြင်လိုက်၍ ဒီရေရော ကျော်ထင်ပါ ခြေလှမ်းရပ်၍ လမ်းဖယ်ပေးလိုက်ကြပါသည် ။ ဒီရေက မနေနိုင် မထိုင်နိုင် ...

"ခေါင်းအေးအေးထားပြီး သွားနော်၊ မဟုတ်တရုတ်တွေမကြံစည် စိတ်မကူးပါနဲ့ ကွာ"

"ဆောရီးပဲရှင်၊ ထားက လစ်တာနဲ့ ထပ်ပြီး သေကြောင်းကြံစည်မှာ "

ထားသခင်က အရွဲ့တိုက်ပြောကာ အနားမှ ချာခနဲလှည့်ထွက်လာသည် ။

*